ဂျောနသန်လီ(လ်)ဂျဘလတ်
အကြီးတန်း ကထိက၊
ဆွင်းဘန်းဥပဒေတက္ကသိုလ်
*jonathanliljeblad@gmail.com*

# မူဝါဒ အကျဉ်းချုပ် – အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ်(ICESCR)အတွင်း၌ ဖော်ပြထားသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ။

(စီး၊ လူ၊ ယဉ်)


## စကားချီး

အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ် (ICESCR) အတွင်း၌ ဖော်ပြထားသော မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ အား ကြည့်ရှုသုံးသပ်ပေးရန်အတွက် တောင်းဆိုထားခြင်းအား ဤစာတမ်းဖြင့် ပြန်လည်ရှင်းလင်းထားခြင်း ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ICESCRအတွင်း၌ ဖော်ပြထားသော ဌာနေတိုင်းရင်းသားလူမျိုးများအား အကာအကွယ်ပေးထားသည့် ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးများအား တိကျစွာသိရှိနိုင် မည်ဖြစ်သည်။ ဆက်လက်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကော်မတီ (CESCR) အပေါ် ကုလသမဂ္ဂမှ တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် အထွေထွေသဘောထားမှတ်ချက်များအား ကိုးကား၍ ICESCR တွင်ဖော်ပြထားသည့် အခွင့်အရေးများအတွင်းမှ မြန်မာနိုင်ငံတွင်နေထိုင်ကြသော ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ကိုက်ညီမှုရှိသော အခွင့်အရေးများအား ဆွေးနွေးမည်ဖြစ်သည်။


## ဌာနေတိုင်းရင်းသားလူမျိုးအခွင့်အရေးများအား လွှမ်းမိုးထားသော ICESCR အခွင့်အရေးများ

ICESCRအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအား ဒေသဆိုင်ရာအဖွဲ့အစည်း များမှ အသိအမှတ်ပြုသဘောတူညီမှုကိုလိုအပ်ပြီး ယင်းအခွင့်အရေးများအား လူထုမှ လေးစားလိုက်နာရန်နှင့် ပိုမိုသိရှိစေ ရန်အတွက် မြှင့်တင်ရာတွင်မူ စာချုပ်ဝင်နိုင်ငံများအားဆောင်ရွက်စေပါသည်။ ICESCRစာအုပ်ထဲတွင် ဖော်ပြထားသော ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ကိုက်ညီသည့်အခွင့်အရေးများအား အမျိုးမျိုးအုပ်စုခွဲနိုင်ပါသည်။ ပိုမိုတိကျစွာပြောရမည် ဆိုလျှင်ဖြင့် ICESCRတွင်ဖော်ပြထားသော ပြဌာန်းချက်အချို့အား ဌာနေတိုင်းရင်းသားများ မိမိကြမ္မာကိုမိမိဖန်တီးခွင့်၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ တန်းတူညီတူခံစားခွင့်၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများ ဆိုင်ရာအခွင့် အရေးများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ နယ်နမိတ်၊ သယံဇာတအရင်းအမြစ်များနှင့် ၎င်းတို့၏ ဓလေ့အစဉ်

Norad
IWGIA
POINT
Promotion Of Indigenous and Nature Together

အလာ အသိပညာများဖြင့်ဆိုင်သော အခွင့်အရေးများဟူ၍ အုပ်စုခွဲနိုင်ပါသည်။ ယင်းအခွင့်အရေးများအား အောက်တွင် ခေါင်းစဉ်များခွဲ၍ တင်ပြသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံကဲ့သို့သော အလားတူနိုင်ငံများတွင် အခွင့်အရေးနှင့် ဆိုင်သော လုပ်ငန်းစဉ်များ၏ တိုးတက်မှုနှင့်ပတ်သတ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

## ဌာနေတိုင်းရင်းသားများ၏ မိမိကြမ္မာကို မိမိဖန်တီးခွင့်

ဌာနေတိုင်းရင်းသားလူမျိုးများ၏ မိမိကြမ္မာကို မိမိဖန်တီးခွင့်ရှိသည်ကို ICESCR အပိုဒ် - ၁၏ စာပိုဒ်အချို့တွင် ဖော်ပြထားပါသည်။ မိမိတို့၏ နိုင်ငံရေးရပ်တည်ချက်များ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ "လူတိုင်းတွင် မိမိကြမ္မာကို မိမိဖန်တီးခွင့်ရှိသည်။" ဟု ICESCRတွင် အတိအလင်းဖော်ပြ ထားသည်။ (ICESCR 1966: Article 1, Paragraph 1) ယင်းပြဌာန်းချက်သည် မြန်မာနိုင်ငံအပါအဝင် ဌာနေတိုင်းရင်းသားများအတွက် ဒေသဆိုင်ရာ နိုင်ငံ၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ မိမိကိုယ်တိုင် နိုင်ငံရေးရပ်တည်ချက်များအား လွပ်လပ်စွာ ပါဝင်ဆုံးဖြတ်ခွင့်ရရန်အတွက် အထောက်အကူဖြစ်စေသည်။ ထို့အပြင် ICESCR၏ မိမိကြမ္မာကို မိမိကိုယ်တိုင်ဖန်တီး ခြင်းဟုဆိုရာတွင် နိုင်ငံတကာစီးပွားရေးအားအကျိုး ယုတ်လျော့နစ်နာစေမှုမရှိဘဲ "လူသားအားလုံးသည် ရည်မှန်းချက်ရရှိ စေရန်အတွက် မိမိတို့၏သဘာဝကြွယ်မှုနှင့် အရင်းမြစ်များကို လွတ်လပ်စွာစီမံနိုင်သည်။" (ICESCR 1966: အပိုဒ် - ၁၊ အပိုဒ်ခွဲ - ၂)။ သဘာဝကြွယ်မှုနှင့် အရင်းမြစ်များအား အနည်းဆုံး မည်မျှအထိသုံးစွဲခွင့်ရှိသည်ကိုလည်း "မည်သည့်အကြောင်း နှင့်မျှ လူသားတစ်ဦး၏ ဝမ်းရေးဖူလုံမှုအသက်မွေးနည်းလမ်းကို ပိတ်ပင်တားဆီးခြင်း မပြုရ။" ဟူသော စာသားဖြင့် ICESCR တွင် ဖော်ပြထားပါသည်။ ICESCR စာချုပ်ဝင်နိုင်ငံများဟု ဖော်ပြထားခြင်းအား ကိုးကားခြင်းဖြင့် "လူတိုင်း ဟူ သော အသုံးအနှုန်းစကားလုံးအား "နိုင်ငံ၊ တိုင်းပြည်" နှင့် ခွဲခြားအသုံးပြု ထားခြင်းမှာ "လူတိုင်း" ဟူသော စကားလုံးသည် ကျယ်ပြန့်ပြီး ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအပါအဝင် နိုင်ငံ၊ တိုင်းပြည်အတွင်းရှိ ပြည်နယ်အသီးသီးနှင့် အဖွဲ့များငယ်များအတွက်လည်း ပါဝင်သည်။

## ဌာနေတိုင်းရင်းသားလူမျိုးများ၏ တန်းတူညီတူခံစားခွင့်

ဌာနေတိုင်းရင်းသားလူမျိုးစုများ၏ တန်းတူညီတူခံစားခွင့်များအား စာပိုဒ် - ၂နှင့် ၃တွင် ဖော်ပြထားပြီး ယင်းဖော် ပြထားသော "အခွင့်အရေးများအားကျင့်သုံးသည့်အခါ လူမျိုး၊ အသားအရောင်၊ ကျား/မ ဖြစ်တည်မှု၊ ဘာသာစကား၊ ကိုး ကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသောခံယူချက်၊ အမျိုးသားရေး သို့မဟုတ် လူမှုရေးအခြေခံ၊ ပိုင်ဆိုင်မှု ဥစ္စာပစ္စည်း၊ မွေးဖွားသည့်အနေအထား သို့မဟုတ် အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ" သေချာစွာ ကျင့်သုံးဆောင်ရွက်စေရန် စာချုပ်ဝင်နိုင်ငံများအနေဖြင့် ဆောင်ရွက်ရမည်။ (ICESCR 1966: Article 3) တွင်ဖော်ပြထားသည့်အတိုင်း "စီးပွား ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးအားလုံးကို အမျိုးသား၊ အမျိုးသမီး တန်းတူညီတူခံစားခွင့်" ရရှိနိုင်ရန်အတွက် စာချုပ်ဝင်နိုင်ငံများမှ မဖြစ်မနေ အာမခံဆောင်ရွက်ရန်အတွက် ICESCRမှ တင်ပြထားသည်။ ရလဒ်အနေဖြင့် ဖြစ်ပေါ် လာနိုင်သော လူတစ်ဦးတစ်ယောက်၏ ရာထူးရာခံအနေအထားများအား ဖော်ပြလျက်ရှိသော အရည်အသွေးများအား ထည့်သွင်းစဉ်းစားခြင်းမပြုလုပ်ရန် စာချုပ်အတွင်းဖော်ပြထားသော တန်းတူညီတူအခွင့်အရေးရရှိရေး တောင်းဆိုမှုကို အခြေခံလျက် ICESCRသည် ခွဲခြားဆက်ဆံမှုများအား ကျယ်ကျယ်ပြန့်ပြန့်အကာအကွယ်ပြုလုပ် ပေးထားသည်။ "ဖိနှိပ် ခွဲခြားဆက်ဆံခြင်းဟုဆိုရာတွင် အမျိုးမျိုးသောခွဲခြားထားခြင်း၊ ချန်လှပ်ထားခြင်း၊ ထိန်းချုပ်သတ်မှတ်ထားခြင်း သို့မဟုတ်

ဘက်လိုက်ခြင်း သို့မဟုတ် ကွဲပြားစွာဆက်ဆံခြင်းစသည်ဖြင့် - စာချုပ်ပါ အခွင့်အရေးများအား တူညီစွာခံစားရရှိခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖျောက်ဖျက်ပစ်ခြင်းတို့ ပါဝင်သည်” (OHCHR 2009a: Paragraph 7)ဟု စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ(CESCR)၏ အထွေထွေသဘောထား မှတ်ချက် ၂၀ တင်ပြထားပါသည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အဖွဲ့ဝင်ဖြစ်တည်မှုအခြေနေများအား သတ်မှတ်ထားသည့်လက္ခဏာများဖြင့် အသိအမှတ်ပြုခွဲခြားနိုင်ပြီး၊ ဌာနေတိုင်းရင်းသားလူမျိုးများအတွင်းရှိ လူတစ်ဦးချင်းစီသာမက လူမျိုးတွင်မပါဝင်သောသူတစ်ဦးချင်းစီတိုင်းကိုလည်း တူညီစွာဆက်ဆံရန်နှင့် ဖိနှိပ်ခွဲခြားဆက်ဆံခြင်းမပြုလုပ်ရန်မှာ ICESCR၏ မျှော်မှန်းချက်ဟု ဆိုနိုင်သည်။ ခွဲခြားဆက်ဆံခြင်းများအနက်မှ တရားဝင်ပြဌာန်းဖိနှိပ်ခွဲခြားဆက်ဆံခြင်းနှင့် အခြေခံဖိနှိပ်ခွဲခြားခြင်းများအားသိရှိပြီး ခွဲခြားသတ်မှတ်နိုင်ရန် စာချုပ်ဝင်နိုင်ငံများအား CESCR၏ အထွေထွေသဘောထားမှတ်ချက်၂၀မှ အကြံပြု ညွှန်ကြားထားသည်။ (OHCHR 2009a: Paragraph 8) တရားဝင်ပြဌာန်းဖိနှိပ်ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန်အတွက် စာချုပ်ဝင်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူဝါဒများတွင် ထည့်သွင်းရေးသားခြင်းဖြင့် ဆောင်ရွက်နိုင်ကြောင်း အထွေထွေသဘောထားမှတ်ချက် ၂၀မှ ဖော်ပြထားသည်။ အခြေခံဖိနှိပ်ခွဲခြားဆက်ဆံခြင်းများ မဖြစ်ပေါ်စေရန်ကိုမူ “လုပ်ငန်းခွင်အတွင်း ဖိနှိပ်ခွဲခြားဆက်ဆံခြင်း သို့မဟုတ် တစ်ဦးမှတစ်ဦး အတုမြင်အတတ်သင်လုပ်ဆောင်ခြင်းများ သို့မဟုတ် ထိုကဲ့သို့ဖြစ်ပေါ်စေသော သဘောထားများ သို့မဟုတ် အခြေအနေများအား ကြိုတင်ကာကွယ်တားဆီးထားခြင်း သို့မဟုတ် လျှော့ချခြင်း” (OHCHR 2009a: Paragraph 8)ဖြင့် ယင်းအခြေခံဖိနှိပ်ခွဲခြားဆက်ဆံခြင်းများအား ပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်သည်။” အခြေခံဖိနှိပ်ခွဲခြားဆက်ဆံခြင်းများအား ရပ်တန့်စေရန်အတွက် ဆောင်ရွက်ရာတွင် သမိုင်းဝင် သို့မဟုတ် ကာလကြာရှည်စွာ ဘက်လိုက်ဆက်ဆံခြင်းခံရခြင်းကြောင့် နာကျင်ခံစားခဲ့ကြရသော အဖွဲ့များအတွင်းရှိ သူတစ်ဦးတစ်ယောက်ချင်းစီအား လုံလောက်သောအာရုံထားစောင့်ကြည့်ရန် လိုအပ်သည် “(OHCHR 2009a: Paragraph 8)ဟု အထွေထွေသဘောထားမှတ်ချက် ၂၀မှ ဖြည့်စွက်ထားပါသည်။ အလားတူသမိုင်းကာလတစ်လျှောက် ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရသော သို့မဟုတ် လက်ရှိကာလများတွင်ပါ ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေရသော ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပတ်သတ်၍လည်း ထိုကဲ့သို့ပင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ စာချုပ်ဝင်နိုင်ငံများအားလုံးမှ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းနှင့် ၄င်းတို့၏ဖြစ်တည်မှုအား တူညီစွာဆက်ဆံရန်၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆိုးဝါးစွာမဆက်ဆံရန် သို့မဟုတ် အခြားသူများနှင့် တန်းတူမဆက်ဆံခြင်း မရှိစေရန်နှင့် လူသားအားလုံးတူညီစွာဆက်ဆံခံရသည်ကို သေချာစွာပြုလုပ်ခြင်းသည် ICESCR အဓိကကျသော သွေးကြောတစ်ခုလည်းဖြစ်သည်။ အထက်ဖော်ပြပါ တူညီစွာဆက်ဆံခံရပိုင်ခွင့် ဟုဆိုရာတွင် ICESCRတွင် ဖော်ပြထားသော အခြားအခွင့်အရေးအချို့အပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ တိကျစွာပြောရမည်ဆိုပါလျှင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ကော်မတီ (CESCR)၏ အထွေထွေသဘောထားမှတ်ချက် ၂၀ အဆိုအရ ဖိနှိပ်ခွဲခြားဆက်ဆံခြင်းမပြုရဟူသောစည်းမျဉ်းတွင် အောက်ဖော်ပြပါအခွင့်အရေးများအတွက်ပါ အကျုံးဝင်သည်။

- ပြည့်စုံလုံလောက်သည့် အိုးအိမ်ရပိုင်ခွင့်များ။
- ပြည့်စုံလုံလောက်သည့် အစားအစာရပိုင်ခွင့်များ။
- ပညာသင်ကြားခွင့်များ။
- ကျန်းမာသော ဘဝနေထိုင်မှုရပိုင်ခွင့်များ။
- ရေချိုရရှိခွင့်များ။
- သိပ္ပံပညာ၊ စာပေ သို့မဟုတ် အနုပညာများဆောင်ရွက်ခြင်းမှ ရရှိလာသော အကျိုးအမြတ်များအား ခံစားခွင့်များ။
- အလုပ်လုပ်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပိုင်ခွင့်များ။
- လုံခြုံသော လူနေမှုဘဝရှိပိုင်ခွင့်များ/ လူမှုဖူလုံရေးအဖွဲ့ဝင်ဖြစ်ပိုင်ခွင့်များ။

ဖိနှိပ်ခွဲခြားဆက်ဆံခြင်းမပြုရ ဟူသောစည်းမျဉ်းအရ အထက်ဖော်ပြပါအခွင့်အရေးများအား "သမိုင်းဝင် သို့မဟုတ် ကာလကြာရှည်စွာ ဘက်လိုက်ဆက်ဆံခံရခြင်း" ကြောင့် နာကျင်ခံစားခဲ့ကြရသော အဖွဲ့အစည်းများ၏ အဖွဲ့ဝင်တစ်ဦးဖြစ်နေခြင်းကြောင့် ယင်းခံစားခွင့်များကိုပေးရန် ငြင်းဆိုခွင့်မရှိပါ။ ထို့အပြင် အထက်ဖော်ပြပါ အခွင့်အရေးများအား တန်းတူညီတူရပိုင်ခွင့်ပေးရန် ဆောင်ရွက်ခြင်းဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်းခံရသော အဖွဲ့များအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်းနေခြင်းမှ ရပ်တန့်ကျော်လွှားနိုင်မည် ဖြစ်သည်ဟု အထွေထွေသဘောထား မှတ်ချက် ၂၀ တွင် ဖော်ပြထားပါသည်။

## ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများဟုဆိုရာတွင် အပိုဒ်-၁၅နှင့်ဆက်စပ်နေပြီး ယင်းတွင်ဖော်ပြထားသည့်အတိုင်း "ယဉ်ကျေးမှုလုပ်ငန်းများတွင် ပါဝင်ခွင့်" ဖြစ်သည်။ ICESCRသည် စာချုပ်ဝင်နိုင်ငံများအား ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုခံစားခွင့်များကို ခံစားရရှိစေရန်အတွက် ခွင့်ပြုခြင်းနှင့် "သိပ္ပံပညာနှင့် ယဉ်ကျေးမှုတို့အတွက် လိုအပ်သည့် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန့်ပွားရေး" အစရှိသည်တို့ လည်းပါဝင် လုပ်ဆောင်ရန်မျှော်မှန်းထားပါသည်။ (ICESCR 1966: Art 15)ထိုသို့ဆိုရာတွင် "သိပ္ပံနည်းကျသုတေသနလုပ်ငန်းနှင့် တီထွင်ကြံဆမှု" နှင့် "သိပ္ပံနှင့် ယဉ်ကျေးမှုနယ်ပယ်များအတွင်းရှိ နိုင်ငံတကာဆိုင်ရာထိတွေ့ဆက်ဆံခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားပေးခြင်းနှင့် ဖွံ့ဖြိုးစေခြင်း" (ICESCR 1966: Art. 15)အတွက် လွတ်လပ်စွာလုပ်ဆောင်နိုင်မှုအား လေးစားရန်လည်းပါဝင်သည်။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ယဉ်ကျေးမှုအခွင့်အရေးနှင့်ပတ်သက်၍ "ယဉ်ကျေးမှုလုပ်ထုံးလုပ်နည်းများအား ကျင့်သုံးခြင်း" သို့မဟုတ် "ယဉ်ကျေးမှုဆိုင်ရာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အသုံးပြုခြင်း"တို့အား ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ဝတ္တရားတစ်ခုရှိနေပြီး၊ အလားတူပင် "ယဉ်ကျေးမှုများအား မြှင့်တင်ခြင်း၊ ပံ့ပိုးကူညီပေးခြင်းတို့တွင် ပါဝင်လာစေရန်အတွက် ကြိုတင်သတ်မှတ်ချက်များပြုလုပ်ရန်နှင့် ယဉ်ကျေးမှုဆိုင်ရာကုန်ပစ္စည်းများအား ကာကွယ်သိမ်းဆည်းထားနိုင်ခြင်း" အား သေချာစွာဆောင်ရွက်ရမည် ဟူသော လုပ်ငန်းတာဝန်တစ်ခု လည်းပါဝင်နေသည်ဟု CESCR မှနားလည်ကြောင်း CESCR၏ အထွေထွေသဘောထား မှတ်ချက်၂၁တွင် ဖော်ပြထားပါသည်။ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးအား လူတစ်ဦးတစ်ယောက်၏ ရွေးချယ်ကျင့်သုံးခြင်းဖြစ်သည်ဟု အထွေထွေသဘောထားမှတ်ချက် ၂၁မှ ရှုမြင်တင်ပြထားသည်။ "တစ်ဦးတစ်ယောက်တည်းဖြစ်စေ သို့မဟုတ် အခြားသူများနှင့်ပူးပေါင်း၍ဖြစ်စေ" ထိုအရာသည် "တူညီမှုများအား အခြေပြု၍အသိအမှတ်ပြုခြင်း၊ လေးစားခြင်းနှင့် ကာကွယ်ပေးခြင်း။" (OHCHR 2009b: Paragraph 7) ဌာနေတိုင်းရင်းသားလူမျိုးများအတွက်ကိုမူ ယဉ်ကျေးမှုများရွေးချယ်ခြင်းမှာ အရေးကြီးသည်ဟု အထွေထွေသဘောထားမှတ်ချက်၂၁မှ ရှုမြင်တင်ပြထားသည်။ "အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများအား တစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အပြည့်အဝခံစားပိုင်ခွင့်ရှိသည်။" (OHCHR 2009b: Paragraph 7)

အထွေထွေသဘောထားမှတ်ချက် ၂၁၏ အမြင်အရ ယဉ်ကျေးမှုအား အဓိပ္ပါယ်ဖွင့်ဆိုခြင်းတွင် "ယဉ်ကျေးမှု"ဆိုသည်မှာ ကျယ်ပြန့်၍ "သမိုင်းဝင်၍ ဆက်လက်ရှင်သန်နေသည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတစ်လျှောက် ဆင့်ကဲပြောင်းလဲနေသည်။" (OHCHR 2009b: Paragraph 10) "တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်စဉ်တစ်ခုဖြစ်ပြီး- ယင်းအား လူသားမျိုးနွယ်၏ ယဉ်ကျေးမှုအနေဖြင့် ဖော်ပြထားသည်။" (OHCHR 2009b: Paragraph 11) အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ယဉ်ကျေးမှုအား-

> တစ်ဦးတစ်ယောက်ချင်းစီ၊ တစ်ဖွဲ့ချင်းစီနှင့် အဖွဲ့အစည်းလိုက် ၎င်းတို့၏ ရှင်သန်နေထိုင်သည့်ပုံစံ၊ စကားနှင့် စာပေ၊ ဂီတနှင့် သီချင်း၊ အမူအရာဖြင့်ဆက်သွယ်ခြင်း၊ ဘာသာတရားနှင့် ယုံကြည်ကိုးကွယ်မှု၊ ဝတ်ပြုခြင်းနှင့် အခမ်းအနားများ၊ အားကစားနှင့် အပျော်ကစားခြင်းများ၊ ထုတ်လုပ်မှုနည်းလမ်းများနှင့် နည်းပညာ၊ သဘာဝနှင့် လူလုပ်သည့် ပတ်ဝန်းကျင်အနေအထားများ၊ အစားအစာ၊ အဝတ်အင်္ကျီ၊ နေထိုင်ရန်နေရာနှင့် အနုပညာများ၊ ထုံးတမ်းအစဉ်အလာနှင့် ရိုးရာဓလေ့များက. . . ၎င်းတို့၏ ကမ္ဘာကြီးအားရှုမြင်ပုံကို တည်ဆောက်သည်။ (OHCHR 2009b: Paragraph 13)

အထွေထွေသဘောထားမှတ်ချက်များ ၂၁၏ ဖော်ပြချက်အရ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးတွင်လည်း ကန့်သတ်ချက်များရှိသည်ကိုလည်းကောင်း "နိုင်ငံတကာဆိုင်ရာ လူထုအခွင့်အရေးအားဖောက်ဖျက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကွဲပြားသောယဉ်ကျေးမှုအား တောင်းလျှောက်ခြင်းမပြုရ။" (OHCHR 2009b: Paragraph 18) သို့မဟုတ် ICESCR တွင်ပါဝင်သော အခြားအခွင့်အရေးများအား ကန့်သတ်ထားသည်ကိုလည်းကောင်း မှတ်သားထားရန်လိုအပ်ပါသည်။ ထိုမျှမက ယဉ်ကျေးမှုလုပ်ငန်းများတွင် ပါဝင်ခွင့်ဆိုသည့်အခွင့်အရေးသည် အခြားလူ့အခွင့်အရေးများအား ဖောက်ဖျက်ခြင်းမပြုရန် အထွေထွေသဘောထားမှတ်ချက် ၂၁မှ ကန့်သတ်ထားသည်။ (OHCHR 2009b: Paragraph 19) ထိုသို့သော ကန့်သတ်ချက်များသည် ဖြစ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန်နှင့် လက်ရှိ နိုင်ငံတကာလူ့အခွင့်အရေးသတ်မှတ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရန်အတွက်လည်း အထွေထွေမှတ်သဘောထားမှတ်ချက် ၂၁မှ သတိပေးဖော်ပြထားသည်။

## ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ နယ်နမိတ်နှင့် သယံဇာတအရင်းအမြစ်များ အားအသုံးပြုခွင့်

ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအခွင့်အရေးများတွင် "အစဉ်အဆက်ပိုင်ဆိုင်ခဲ့သော၊ ဝင်ရောက်နေထိုင်ခဲ့သော သို့မဟုတ် အသုံးပြုခဲ့သော သို့မဟုတ် ရရှိခဲ့သောမြေယာ၊ နယ်နမိတ်နှင့် သယံဇာတအရင်းအမြစ်များ" (OHCHR 2009b: Paragraph 36)အား အသုံးပြုခွင့်လည်း ပါဝင်သည်ဟု ဖော်ပြထားခြင်းဖြင့် CESCR အထွေထွေသဘောထားမှတ်ချက် ၂၁မှ ICESCR၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးအား ချိတ်ဆက်ပေးထားသည်။ ICSCRစာချုပ်ဝင်နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုတန်ဖိုးများနှင့် အခွင့်အရေးများကို ကာကွယ်သင့်သည်။ ယင်းအကြောင်းအရာများတွင် ၎င်းတို့၏ ဘိုးဘွားပိုင်မြေများ၊ သဘာဝတရားနှင့် ဆက်နွယ်မှုများတို့နှင့်စပ်လျဉ်းသော တန်ဖိုးများနှင့် အခွင့်အရေးများပါဝင်ပြီး၊ ၎င်းတို့ ရှင်သန်နေထိုင်ခြင်းနည်းလမ်းများအပါအဝင် အသက်ရှင်နေထိုင်မှုပုံစံများ လျော့ကျပျောက်ပျက်လာခြင်း၊ သဘာဝအရင်းအမြစ်များ ဆုံးရှုံးခြင်းနှင့် နောက်ဆုံးတွင် ၎င်းတို့၏ယဉ်ကျေးမှုအမှတ်အသားများ ပျက်စီးပျောက်ကွယ်သွားခြင်းမှ ကာကွယ်ပေးရန်အတွက် ရည်ရွယ်သည်။ (OHCHR 2009b: Paragraph 36) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် "ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးတစ်စုံတစ်ရာနှင့် ပတ်သက်၍ မည်သည့်ကိစ္စမဆို လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုဘောထားရယူခြင်း (FPIC)၏ စည်းမျဉ်းများအား လေးစားလိုက်နာရမည်။" (OHCHR 2009b: Paragraph 37) ဟု စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ကြေညာထားခြင်းဖြင့် ICESCR နှင့်ပတ်သက်၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုဘောထားရယူခြင်း (FPIC)၏ စည်းမျဉ်းများကိုလည်း အထွေထွေသဘောထားမှတ်ချက် ၂၁မှ ဖော်ပြထားသည်။ လူထုသဘောထားရယူခြင်းအတွက် လိုအပ်သည်များကိုဖော်ပြရာတွင် "ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ နယ်နမိတ်

နှင့် အရင်းအမြစ်များအား ပိုင်ဆိုင်ခွင့်ရရန်၊ ဖွံ့ဖြိုးအောင်ပြုလုပ်ရန်၊ ထိန်းချုပ်ခွင့်ရရန်နှင့် အသုံးပြုခွင့်ရရန်၊ ထို့အပြင် ၎င်းတို့ထံမှ နည်းလမ်းအမျိုးမျိုးဖြင့် မတရားသိမ်းပိုက်ထားသော သို့မဟုတ် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် သဘောထားရယူခြင်းများမရှိဘဲ အသုံးပြုခြင်းများရှိပါက ထိုမြေယာများနှင့် နယ်နမိတ်များအား ဌာနေတိုင်းရင်းသားလူမျိုးများထံ ပြန်လည်ပေးအပ်ရန်။" (OHCHR 2013: 20; OHCHR 2009b: Paragraph 36) အစရှိသည်ဖြင့် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှ မဖြစ်မနေ လုပ်ဆောင်ရန်များအား အထွေထွေသဘောထားမှတ်ချက်၂၁မှ ဖော်ပြထားသည်။

## ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့အစဉ်အလာအသိပညာများနှင့်ဆိုင်သော အခွင့်အရေးများ

CESCRအထွေထွေသဘောထားမှတ်ချက်၁၇တွင် ဖော်ပြထားသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ရိုးရာအသိပညာ သို့မဟုတ် သိပ္ပံ၊ စာပေ သို့မဟုတ် အနုပညာဟူသောခေါင်းစဉ်အရ ICESCR စာချုပ်ဝင်နိုင်ငံတစ်ခုချင်းစီမှ "ဌာနေတိုင်းရင်သားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ သို့မဟုတ် ဓလေ့ရိုးရာအသိပညာများအဖြစ် သတ်မှတ်ထားသော ၎င်းတို့၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ၎င်းတို့၏ အကျိုးအမြတ်များအား သေချာထိရောက်သောကာကွယ်မှုပေးနိုင်ရန်အတွက် လုပ်ငန်းစဉ်များကိုဖော်ဆောင်ရန်" (OHCHR 2006: Paragraph 32) ဖော်ပြထားသည်။ "ဌာနေတိုင်းရင်းသားလူမျိုးများ၏ သိပ္ပံပညာ၊ စာပေနှင့် အနုပညာထုတ်ကုန်များအား ကာကွယ်ရန်အတွက် လုပ်ငန်းစဉ်များအား ဖော်ဆောင်ရန်" အား ICESCRစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် "အလေးထားဦးစားပေးဆောင်ရွက်ရန်" (OHCHR 2013: 20-21; OHCHR 2006: Paragraph 32) အထွေထွေသဘောထားမှတ်ချက်၁၂မှ ပြောကြားထားသည်။ အလားတူပင် မြေယာ၊ နယ်နမိတ်နှင့် အရင်းအမြစ်များအား "ဌာနေတိုင်ရင်းသားလူမျိုးစာရေးသူများနှင့်ပတ်သက်၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းစည်းမျဉ်းများအား လေးစားရန်"နှင့် " . . . သင့်လျော်လျှင် သင့်လျော်သလို၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ထုတ်လုပ်မှုများမှ ရရှိလာသောအကျိုးအမြတ်များအားဖြင့် စုပေါင်းစီမံဆောင်ရွက်ခြင်းအတွက် အထောက်အကူပေးရန်။" (OHCHR 2013: 20-21; OHCHR 2006: Paragraph 32). အထွေထွေသဘောထားမှတ်ချက်၁၇မှ စာချုပ်ဝင်နိုင်ငံများအား တိုက်တွန်းထားသည်။ ဆက်လက်၍တင်ပြရမည်ဆိုလျှင် လူမျိုးစု၊ ဘာသာရေး၊ သို့မဟုတ် လူနည်းစုဘာသာစကားများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ "လူနည်းစုယဉ်ကျေးမှုများ၏ ထင်ရှားသောလက္ခဏာများအား ထိန်းသိမ်းကာကွယ်ထားရှိရန်အတွက် အထူးဆောင်ရွက်ချက်များအားဖြင့် လူနည်းစုများတွင်ရှိသော အမှန်တကယ်ရရှိရန် အလားအလာရှိသည့် အကျိုးအမြတ်များနှင့် စာရိတ္တအား ကာကွယ်ရန်" (OHCHR 2006: Paragraph 33)မှာ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ ဖြစ်စဉ်တွင် တဖြည်းဖြည်းတိုးတက်အသိအမှတ်ပြု ပြောင်းလဲလာခြင်း နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(LDC)အဆင့်မှ ရုန်းထွက်ရန်ကြိုးစားလျက်ရှိပြီး တိုင်းပြည်နှင့် လူမှုအဖွဲ့အစည်းများအကြား နားလည်တတ်ကျွမ်းမှုများ ပြတ်လပ်လျက်ရှိသော တတိယကမ္ဘာအဆင့်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မကြာခင်က ICESCR၏ စာချုပ်ဝင်နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး ရလဒ်အနေဖြင့် နိုင်ငံသည် စာချုပ်တွင်ချမှတ်ဖော်ပြထားသည့် စည်းကမ်းများအား တာဝန်ယူလုပ်ဆောင်ရန်အတွက် ခက်ခဲသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ယင်းသို့

အကောင်အထည်ဖော်ဆောင်ရာတွင် အခက်အခဲများကြုံတွေ့နေရသော နိုင်ငံအချို့ရှိနေသည်ကို ICESCRမှ သိရှိနေပြီး ထိုနိုင်ငံများ၏အား တဖြည်းဖြည်းတိုးတက်အသိအမှတ်ပြုပြောင်းလဲလာခြင်း စံသတ်မှတ်ချက်များအား အသုံးပြုလျက် ကူညီပေးလျက်ရှိသည်။ တိကျစွာပြောရမည်ဆိုပါက စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် ICESCRစာချုပ်ထဲတွင်ဖော်ပြထားသော အခွင့်အရေးများအားလုံးကို ချက်ချင်းသိမြင်ပြောင်းလဲရန် မလိုအပ်ပါ၊ သို့သော်လည်း ICESCRတွင် ပါဝင်သော အခွင့်အရေးများကို "အောင်မြင်စွာ အားလုံးတဖြည်းဖြည်းတိုးတက်အသိအမှတ်ပြု ပြောင်းလဲလာရန်အတွက် ကိုယ်တိုင်ကိုယ်ကျသော်လည်းကောင်း၊ နိုင်ငံတကာမှ အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူ၍သော်လည်းကောင်း . . . အမြင့်ဆုံးရနိုင်သော အရင်းအမြစ်များကို" အသုံးပြုဆောင်ရွက်ရန် စာချုပ်ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားထားပါသည်။ တဖြည်းဖြည်းတိုးတက် အသိအမှတ်ပြုပြောင်းလဲလာခြင်း၏ စံသတ်မှတ်ချက်များဆိုသည်မှာ နိုင်ငံတစ်နိုင်ငံနေဖြင့် ICESCR တွင်ပါရှိသော လုပ်ဆောင်ရမည့်တာဝန်များကို ဆောင်ရွက်ရန်အတွက် ကြိုပမ်းရာတွင် ယင်းနိုင်ငံတွင်ရရှိနိုင်သော အရင်းအမြစ်များအပေါ်တွင် အခြေခံ၍ ပြန်လည်ညှိနှိုင်းပေးခြင်းဖြစ်သည်။ (OHCHR 2000: 13) ICESCRတွင် ဖော်ပြထားသော အခွင့်အရေးများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရင်းအမြစ်မရှိခြင်းအား အကြောင်းပြု၍ နှောင့်နှေးတုံ့ဆိုင်းနေ၍မရပါ။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် "အရင်းအမြစ်များ မရှိပါသော်လည်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများခံစားခွင့်အား တိုးတက်လာစေရန်အတွက် တတ်နိုင်သမျှကြိုးစား ဆောင်ရွက်နေခြင်းကိုပြသရန်" အတွက် တဖြည်းဖြည်း အသိအမှတ်ပြုတိုးတက်ပြောင်းလဲလာခြင်း၏ စံသတ်မှတ်ချက်များမှ ပြောကြားထားပါသည်။ ထို့နောက် ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ ICESCRတွင်ပါဝင်သော အခွင့်အရေးများအား ဌာနေတိုင်းရင်းသားလူမျိုးအဖွဲ့များ ခံစားခွင့်ရရှိရန် ICESCRစာချုပ်ဝင်နိုင်ငံများမှ ဖြစ်နိုင်သမျှ အမြင့်ဆုံးထား တာဝန်ယူဆောင်ရွက်ရမည်။ ထို့မျှသာမက မြန်မာနိုင်ငံကဲ့သို့ နားလည်တတ်ကျွမ်းမှုများ ပြတ်လပ်လျက်ရှိသော နိုင်ငံများအတွက် ICESCR မှ ချမှတ်ထားသောတာဝန်နှင့် ဝတ္တရားများအား ပြည့်မီအောင်ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ပြန်လည်ညှိနှိုင်းပေးသည်။ သို့သော် နိုင်ငံတစ်နိုင်ငံနေဖြင့် ရရှိနိုင်သော ပြည်တွင်းအရင်းအမြစ်များနှင့် နိုင်ငံတကာအကူအညီ အသုံးပြုလျက် ICESCRစာချုပ်အား အကောင်အထည်ဖော်ရန်အတွက် အမြင့်ဆုံးအားထုတ်ကြိုးပမ်းရန် အတွက်လည်း ICESCRမှ မျှော်မှန်းထားသည်။

## နိဂုံး

ဤစာတမ်းသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးစာချုပ်ထဲတွင်ပါရှိသည့် မြန်မာနိုင်ငံနှင့် သင့်လျော်သော ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား သုံးသပ်ဖော်ပြထားခြင်းဖြစ်သည်။

ICESCRသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများအား စာချုပ်ဝင်နိုင်ငံများအားလုံး အသိအမှတ်ပြုရန်နှင့် အခွင့်အရေးများအား အသိမှတ်ပြုလိုက်နာခြင်းနှင့် လေးစားခြင်းအား မြှင့်တင်ရန်အတွက် စာချုပ်ဝင်နိုင်ငံများအား တာဝန်ပေးအပ်ထားသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး ကော်မတီမှ ထုတ်ပြန်သော ကုလသမဂ္ဂ၏ တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် အထွေထွေသဘောထားမှတ်ချက်များမှ ကိုးကား၍ မြန်မာနိုင်ငံတွင်ရှိသော ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ကိုက်ညီမှုရှိသော ICESCRအတွင်းရှိ အခွင့်အရေးများအားသိရှိစေရန်အတွက် အထက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

## ကိုးကားချက်များ


Food and Agriculture Organization (FAO). (2016) Free Prior Informed Consent: An Indigenous Peoples' Right and Good Practice for Local Communities. Available at: *http://www.fao.org/3/a-i6190e.pdf*

International Covenant on Economic, Social, and Cultural Rights. (1966) Available at: *https://www.ohchr.org/en/professionalinterest/pages/cescr.aspx*

Office of the High Commissioner for Human Rights (OHCHR). (2013a) Indigenous Peoples and the United Nations Human Rights System. Available at: *https://www.ohchr.org/Documents/Publications/fs9Rev.2.pdf*

Office of the High Commissioner for Human Rights (OHCHR). (2013b) Free, Prior, and Informed Consent of Indigenous Peoples. Available at: *https://www.ohchr.org/Documents/Issues/ipeoples/freepriorandinformedconsent.pdf*

Office of the High Commissioner for Human Rights (OHCHR). (2009a) General Comment 20: Non-Discrimination in Economic, Social, and Cultural Rights. Available at: *https://tbinternet.ohchr.org/_layouts/treatybodyexternal/TBSearch.aspx?TreatyID=9&DocTypeID=11*

Office of the High Commissioner for Human Rights (OHCHR). (2009b) General Comment 21: Right of Everyone to Take Part in Cultural Life. Available at: *https://tbinternet.ohchr.org/_layouts/treatybodyexternal/TBSearch.aspx?TreatyID=9&DocTypeID=11*

Office of the High Commissioner for Human Rights (OHCHR). (2006) General Comment 17: The Right of Everyone to Benefit from the Protection of the Moral and Material Interests Resulting from Any Scientific, Literary, or Artistic Production of Which He or She Is the Author. Available at: *https://tbinternet.ohchr.org/_layouts/treatybodyexternal/TBSearch.aspx?TreatyID=9&DocTypeID=11*

Office of the High Commissioner for Human Rights (OHCHR). (2000) Frequently Asked Questions on Economic, Social, and Cultural Rights: Fact Sheet No. 33. Available at: *https://www.ohchr.org/Documents/Publications/FactSheet33en.pdf*



**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com